# နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ကျင်းပခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၌ နှစ်စဉ်မတ်လ(၁၉)ရက်နေ့တွင် မွန်ပြည်နယ်နေ့အခမ်းအနား ကျင်းပပြုလုပ်လေ့ရှိရာ ၂၀၂၄ ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ်၊ မော်လမြိုင်မြို့ သံလွင်ဥယျာဉ်တွင် ၂၀၂၄ ခုနှစ်၊ မတ်လ (၁၇)ရက်နေ့မှ (၁၉)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ နှစ်(၅၀)ပြည့် ရွှေရတု မွန်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၄ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများမှ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာ ပြခန်းပေါင်း (၅၈)ခန်းအား ကဏ္ဍကြီး(၆)ခုဖြင့် ပြသခဲ့ရာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဒေသထွက်သစ်သီးဝလံပြခန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၊ ပညာရေး၊ ကျန်းမာရေး၊ MSMEထုတ်ကုန်၊ ဒေသထွက်ကုန် ပြခန်း (၁၀)မြို့နယ်တို့ဖြင့် ပြသခဲ့ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် လယ်ယာကဏ္ဍတွင် ပြခန်း(၁)ခန်း ဝင်ရောက်ပြသခဲ့ရာ ဖွင့်ပွဲအခမ်းအနားအပြီးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြီးသိန်းနှင့် ပြည်နယ်ဝန်ကြီးများမှ ပြခန်းများခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိပါသည်။





Source: မွန်ပြည်နယ်ဦးစီးမှုးရုံး